ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ၊ ပုဒ်မ-၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုတော့ဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုးမှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြုပေးပြီးဖြစ်ပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါအချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန်ရည်ရွယ်၍ မမှန်မကန်ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ခွင့်ပြုမှုအတွက် တင်ပို့ / တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက-၁၁/ ၂ -၁၈ / ၂၀၁၇ ( ၂ )
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်

## Sale Contract, Invoice ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်း လိုင်စင်ခွင့်ပြုမှုများအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်း

**အကျိုးအကြောင်းဖော်ပြချက်**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်၊ သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice & Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းသာ ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးရန် ၂၂-၁၁-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၆) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ပါ၍ ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို Invoice & Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်း ဝန်ခံကတိဖြင့် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး ခွင့်ပြုထုတ်ပေးပြီးသော လိုင်စင်များ၏ဈေးနှုန်းများအပေါ် မှန်ကန်မှုရှိ/မရှိ နိုင်ငံတကာတွင်သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ နောက်ကြောင်းပြန်စိစစ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုမ္ပဏီများ၏ ဈေးနှုန်းဝန်ခံကတိဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးမှုများအပေါ် ကုမ္ပဏီများမှမှန်ကန်သော ဈေးနှုန်းများဖြင့်တင်ပြလျှောက်ထားနိုင်ရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးအတွက် ခွင့်ပြုထုတ်ပေးသည့် လိုင်စင်ဈေးနှုန်းအပေါ် ပြန်လည်စိစစ်နိုင်ရေးအတွက် စီမံချက်ရေးဆွဲခြင်း ဖြစ်ပါသည်။

**ဖွဲ့စည်းဆောင်ရွက်ခြင်း**

၄။ ကုမ္ပဏီများမှ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်သွင်းကုန်လိုင်စင်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ပို့ကုန်သွင်းကုန်ကြေညာလွှာ (ED/ID)များ လျှောက်ထားရာတွင် ပူးတွဲတင်ပြသည့် Invoice & Sale Contract ပါ ဈေးနှုန်းနှင့်တန်ဖိုးများအတိုင်း ခွင့်ပြုပေးမှု၌ နိုင်ငံတော်မှရသင့်ရထိုက်သည့် အခွန်အခများ ရရှိရန်နှင့်ဆုံးရှုံးမှုမများရန်၊ မမှန်မကန်ဆောင်ရွက်မှုများအပေါ် ဖော်ထုတ်အရေးယူရန်၊ နောက်လူများမလုပ်ရဲရန်အတွက် **ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့**ကို တစ်ဖက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်မည်-

| | | | |
|---|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန် | စီးပွား/ကူးသန်း | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ် | ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ် | ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဒုတိယဥက္ကဋ္ဌ | UMFCCI | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ် | ကုန်သွယ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၇) | ညွှန်ကြားရေးမှူးချုပ် | အကောက်ခွန်ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၅။ **ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့၏** လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်ရန်။

(က) ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်၊ သွင်းကုန်ရုံးခွဲများ၊ လေဆိပ်၊ ရေဆိပ်များမှ တင်ပို့/ တင်သွင်းမှုများကို ပြန်လည်စိစစ်ရန်အတွက် ဈေးနှုန်းမှန်ကန်ရေး စိစစ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခြင်း၊ စိစစ်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရေးဆွဲ ညွှန်ကြားခြင်း။

(ခ) ဈေးနှုန်းမမှန်မကန်ဖော်ပြလျှောက်ထားသည်ဟု စစ်ဆေးတွေ့ရှိသည့် ကုမ္ပဏီများစာရင်းကို စိစစ်ရေးအဖွဲ့များမှ တင်ပြလာပါက ၎င်းကုမ္ပဏီများ၏ ဒါရိုက်တာ (သို့) တာဝန်ရှိသူကို ခေါ်ယူ၍ အဖွဲ့ဖြင့် ထပ်မံစစ်ဆေးမေးမြန်းမှုများ(Re-Check) ပြုလုပ်ခြင်း။

(ဂ) စစ်ဆေးခံရသည့်ကုမ္ပဏီအား အသေးစိတ်စစ်ဆေးရန် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် တောင်းယူစစ်ဆေးခြင်း။ လိုင်စင်/ID လျှောက်ထားသည့်ဈေးနှုန်းအတိုင်း အမှန်ငွေလွှဲထားခြင်းရှိ/မရှိစိစစ်နိုင်ရန် ငွေလွှဲစာတမ်း၊ ဘဏ်စာရင်းစာအုပ်တို့ကိုစိစစ်ခြင်း၊ မှန်ကန်မှု မရှိကြောင်း စိစစ်တွေ့ရှိပါက အရေးယူမှုလုပ်ငန်းစဉ်များ ကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဃ) ကုမ္ပဏီ (သို့) လူပုဂ္ဂိုလ်တစ်ဦးဦးမှ မမှန်မကန်လျှောက်ထားဆောင်ရွက်ကြောင်း တိုက်ရိုက်တိုင်ကြားလာပါက တိုင်ကြားသူ၏အမည်ကို လျှို့ဝှက်စိစစ်ပြီး ဖော်ထုတ်တွေ့ရှိလျှင် အရေးယူဆောင်ရွက်ခြင်း။

(င) အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်းစစ်ဆေးခြင်းမှ ဖော်ထုတ်အရေးယူသော ကုမ္ပဏီများ၏ တင်ပို့/တင်သွင်းမှုများအပေါ် ဈေးနှုန်းလိမ်လည်မှုဖြစ်စဉ်များအပေါ် လုပ်ထုံးလုပ်နည်းနှင့် အညီ ထပ်မံအရေးယူဆောင်ရွက်ခြင်း။

(စ) နယ်စခန်းများ၊ ရုံးခွဲများ၊ ရေဆိပ်၊ လေဆိပ်များမှ စိစစ်ပြီးသော ကုမ္ပဏီများစာရင်း တင်ပြလာပါက Ad hoc အနေဖြင့် တစ်လလျှင် ကုမ္ပဏီ (၃) ခု (သို့မဟုတ်) လိုအပ်ချက်အရ Counter Check ပြုလုပ်ခြင်း။

(ဆ) လိုင်စင်အရ ခွင့်ပြုခဲ့သောဈေးနှုန်းသည် အကောက်ခွန်စည်းကြပ်ဈေးနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ များစွာလျော့နည်းနေသည့် ဖြစ်စဉ်များရှိပါက ကွာဟသည့် ကုန်ပစ္စည်းဈေးနှုန်းကို လိုင်စင်နံပါတ်ဖော်ပြ၍ ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားပေးနိုင်ရေး အကောက်ခွန်ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ခြင်း။

(ဇ) ကုမ္ပဏီများ၏ မမှန်မကန်ဆောင်ရွက်နေမှုများအပေါ် နေ့စဉ်ထုတ်ပြန်သည့် သတင်းစာများ၊ ဂျာနယ်များတွင်ဖော်ပြခြင်း၊ မီဒီယာနည်းလမ်းမျိုးစုံအသုံးပြု၍ ပြည်သူသို့ အသိပေးကြေငြာခြင်းများပြုလုပ်ပြီး မမှန်မကန်သည့် ကုမ္ပဏီများစာရင်းကို အထက်ဌာနသို့ ဆက်လက်တင်ပြခြင်း။

**မှတ်တမ်းထားသိုနည်းစနစ်**

၆။ လိုင်စင်/ပါမစ်ခွင့်ပြုထုတ်ပေးသော ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပို့ကုန်သွင်းကုန်ရုံးခွဲများ၊ နယ်စပ်စခန်းများတွင် လျှောက်ထားလာသည့် Invoice, Sale Contract များကို စိစစ်ခြင်းမပြုဘဲ ကုမ္ပဏီမှ တင်ပြလာသည့်အတိုင်း လိုင်စင်၊ ED/ID များကို ခွင့်ပြုထုတ်ပေးသည့် လိုင်စင်များအနက် ယခင်လျှောက်ထားဈေးနှုန်းထက် လျော့နည်းတင်ပြလျှောက်ထားခြင်း၊ ဈေးနှုန်းအနည်းအပေါ် ဝန်ခံကတိပြုချက်ဖြင့် လျှောက်ထားခြင်းစသည်တို့ကို ပြုလုပ်သည့်ကုမ္ပဏီများ၏ လိုင်စင်လျှောက်ထားမှုများကို Ad hoc အနေဖြင့် ကုမ္ပဏီတစ်ခုချင်း၊ လိုင်စင်တစ်စောင်ချင်း၊ ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် မှတ်တမ်းတင်ထားရှိရမည်။

၇။ လိုင်စင်ခွင့်ပြုထုတ်ပေးသော ဌာနခွဲသည် Manual စနစ်ဖြင့် သီးခြားမှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်ခြင်းအပြင် Online Report စနစ်ဖြင့် Monitoring ပြုလုပ်ရမည်။ ဈေးနှုန်းလျော့နည်းစွာ လျှောက်ထားမှုအကြိမ်ရေများသည့် ကုမ္ပဏီများကို ပြန်လည်စိစစ်မှုများ ပြုလုပ်ရန်အတွက် (၆)လတစ်ကြိမ် အကြိမ်ရေအများဆုံး ဈေးနှုန်းလျော့နည်းစွာ ဆောင်ရွက်သည့် ကုမ္ပဏီ(၁၀)ခုကို ရွေးထုတ်၍ ကုမ္ပဏီအလိုက် လိုင်စင်

နံပါတ်၊ ကုန်ပစ္စည်းအမည်နှင့် လျှောက်ထားဈေးနှုန်းတို့ကို ပြုစု၍ တာဝန်ပေးအပ်ထားသည့် ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သို့ ပေးပို့ရမည်။

၈။ လိုင်စင်ခွင့်ပြုသောဌာနခွဲနှင့် နည်းပညာဌာနခွဲတို့ ပူးပေါင်း၍ မှန်မှန်ကန်ကန်ဆောင်ရွက်သည့် ကုမ္ပဏီများစာရင်းကို Company Profile အဖြစ် ထည့်သွင်းမှတ်တမ်းတင်ထားနိုင်ရေး ဆောင်ရွက်ရမည်။

**ဈေးနှုန်းစိစစ်ရေးလုပ်ငန်းစဉ်**

၉။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) လိုင်စင်ခွင့်ပြုသောဌာနခွဲများမှ ဈေးနှုန်းပြန်လည်စိစစ်ရန် ပေးပို့လာသော ကုမ္ပဏီများအပေါ် စစ်ဆေးရမည့် ကုန်ပစ္စည်းကို စိစစ်ရွေးချယ်ပြီး ကုမ္ပဏီအလိုက် လိုင်စင်အလိုက် စာရင်းကောက်ယူခြင်း။

(ခ) ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများ စုဆောင်းခြင်း၊ စစ်ဆေးခြင်း၊ မြေပြင်တွေ့ရှိချက်နှင့်စစ်ဆေးခြင်း၊ ငွေပေးချေမှုဆိုင်ရာ အဝင်/အထွက်စာရင်းများကို စစ်ဆေးခြင်း၊ စစ်ဆေးမှုများအပေါ် ပြန်လည်သုံးသပ်၍ အစီရင်ခံစာရေးသား တင်ပြခြင်း။

(ဂ) နယ်စပ်စခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးခွဲများနှင့် ရေဆိပ်၊ လေဆိပ်တို့မှ တင်ပို့/တင်သွင်းမှုများအပေါ် အဆင့်ဆင့်ပြန်လည်စိစစ်မှုများအရ လျှောက်ထားဈေးနှုန်းများသည် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိပါက အရေးယူမှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဃ) ဈေးနှုန်းစိစစ်မှုများ ပြုလုပ်ခဲ့သည့် ကုမ္ပဏီအပေါ် အရေးယူဆောင်ရွက်နေမှုအခြေအနေကို ပြည်သူသို့ အချိန်နှင့်တစ်ပြေးညီ သိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိကြောင်း မီဒီယာမှ နည်းလမ်းမျိုးစုံဖြင့် အချိန်နှင့်တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း။

**လုပ်နည်းစနစ်**

၁၀။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သည် ရုံးချုပ်၊ ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများ၏ လိုင်စင်ထုတ်ပေးမှုများအပေါ် စစ်ဆေးခြင်းနှင့် (ED/ID) အရ ဈေးနှုန်းလျော့နည်းစွာ ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီများကိုစစ်ဆေးခြင်း၊ တိုင်ကြားချက်များအရစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ပါ အဆင့်အလိုက် ဈေးနှုန်းစိစစ်မှုများကို ဆောင်ရွက်ရမည်-

(က) **ရွေးချယ်သည့်အဆင့်**

(၁) သတင်းအချက်အလက်စုဆောင်းခြင်း

(၂) ဆုံးရှုံးမှု ဖြစ်နိုင်ချေများသော အလားအလာပေါ်မူတည်၍ ကုန်ပစ္စည်းရွေးချယ် စိစစ်ခြင်း။

(ခ) **စိစစ်သည့်အဆင့်**

(၁) အဓိကကျသော ကုန်ပစ္စည်းအမယ်ရွေးချယ်ခြင်း

(၂) ကုမ္ပဏီအလိုက် စိစစ်ခြင်း

(၃) ကနဦး ဆက်သွယ်ခြင်း

(ဂ) **အကဲဖြတ်ခြင်းနှင့် အစီရင်ခံ တင်ပြခြင်းအဆင့်**

(၁) စစ်ဆေးခြင်းရလဒ်အပေါ် ပြန်လည်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း

(၂) အစီရင်ခံစာ ရေးသားတင်ပြခြင်း

**ရွေးချယ်သည့်အဆင့်**

၁၁။ ကုန်ပစ္စည်းရွေးချယ်သည့်အဆင့်တွင် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) ပင်လယ်ရေကြောင်း/နယ်စပ်ဒေသများတွင် တင်ပို့/ တင်သွင်းဆောင်ရွက်သည့် လိုင်စင်၊ ED/ ID တန်ဖိုးများမှ အဓိက ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်သည့် အုပ်စုအလိုက်မှ လစဉ် အမယ်များကို ဦးစားပေးသတ်မှတ်၍ ပြန်လည်စိစစ်မှုများ (Re-check) ပြုလုပ်ရန်။

(ခ) လိုင်စင်နှင့် ED/ID ခွင့်ပြုထုတ်ပေးသည့် ရုံးများမှ ဈေးနှုန်း Check ပြုလုပ်၍ မသင့်ဘော် သည့်ဈေးနှုန်းများအရ သီးခြားမှတ်တမ်းတင်ထားသည့် ပြန်လည်စိစစ်ရန် ပေးပို့လာသော ကုမ္ပဏီများ၏ တင်သွင်း/တင်ပို့လိုင်စင်များကို ဦးစားပေးစိစစ်ရန်။

(ဂ) ကုန်သွယ်ရေးစခန်းများတွင် အဓိကသွင်းကုန်ပစ္စည်းတင်သွင်းမှုများတွင် စခန်းရှိ အမှန် ပို့သွင်းစိစစ်ချက်များမှ ပေးပို့သည့် ဈေးနှုန်းနည်းနေသည့် ကုန်ပစ္စည်းများကို ဦးစားပေး အဆင့်သတ်မှတ်၍ စစ်ဆေးခြင်းနှင့် လိုင်စင်သက်တမ်း(၆)လကုန်ဆုံးပြီးသည့် သွင်းကုန် အုပ်စုအလိုက် ဈေးနှုန်းအနိမ့်ဆုံး အမယ်(၃)မျိုးတင်သွင်းသည့် ကုမ္ပဏီများကို တစ်လ (၂)ကြိမ် စိစစ်ခြင်းနှင့် တိုင်ကြားမှုပြုထားသည့် ကုမ္ပဏီများ၏ တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများ၏ လိုင်စင်နှင့်(ED/ID)အရ ဈေးနှုန်းများကို ဒုတိယဦးစားပေးဆောင် ရွက်ရန်။

(ဃ) ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ပို့ကုန်၊ သွင်းကုန်လိုင်စင်ထုတ်ပေးသည့် ရုံးများမှ လိုင်စင်ခွင့်ပြုထားသော ဈေးနှုန်းမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန်အတွက် (၆)လနှင့်(၁)နှစ် အတွင်း လိုင်စင်အများဆုံးလျှောက်ထားသည့် ကုမ္ပဏီများစာရင်းမှ ဈေးနှုန်းအနည်းဖြင့် လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများမှ စစ်ဆေးမည့် အမယ်များ (လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်ပစ္စည်းများ၊ ဓိမ်ခံပစ္စည်းများ)ကို ဦးစားပေး သတ်မှတ်၍ ဆောင်ရွက်ရန်။

(င) ပင်လယ်ဆိပ်ကမ်းများမှ တင်သွင်းသည့် လိုင်စင်/ED/ID များအတွက် ပြီးခဲ့သည့် (၁) နှစ်အတွင်း တင်သွင်းထားသည့်ပစ္စည်းများမှ (လူသုံး၊ အိမ်သုံး၊ စားသောက်ကုန်ပစ္စည်းများ၊ ဓိမ်ခံပစ္စည်းများ) ၏ တင်သွင်းမှုဈေးနှုန်းများ မှန်ကန်မှု ရှိ/မရှိကို လအလိုက် တစ်လလျှင် (၂) ကြိမ်နှုန်း ဦးစားပေးကုန်ပစ္စည်းအမယ်များ သတ်မှတ်၍ ဆောင်ရွက်ရန်။

(စ) အမယ်အလိုက်စိစစ်ထားမှုများမှ နိုင်ငံတော်အခွန်ငွေ ဆုံးရှုံးမှုအများဆုံး ဖြစ်နိုင်ချေရှိသည့် အမယ်များကို ရွေးချယ်ရန်။

**စိစစ်သည့်အဆင့်**

၁၂။ စိစစ်သည့်အဆင့်တွင် အောက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) ပဏာမ ရွေးချယ်ထားသော ကုန်ပစ္စည်းအမျိုးအစားများကို ကုမ္ပဏီအလိုက် စစ်တမ်းကောက်ယူစာရင်းပြုစုခြင်း၊ ထိုသို့ အမယ်ကောက်ယူရာတွင် တစ်လလျှင် ကုန်ပစ္စည်း (၁၀) မျိုး ရွေးချယ်စိစစ်ရန်။

(ခ) စိစစ်သည့်အခါ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် လက်ကားဈေး၊ Internet ဈေး၊ MACCS စနစ်ပါ ဈေးနှုန်း၊ တစ်ဖက်နိုင်ငံ ကုမ္ပဏီ၏ အမှန်ရောင်းဈေးတို့ကို Email နှင့် တိုက်ရိုက်ဆက်သွယ်၍ လည်းကောင်း၊ သွယ်ဝိုက်စုံစမ်း၍ လည်းကောင်း စိစစ်ရန်။

(ဂ) လိုင်စင်/ED/ID ဈေးနှုန်းများသည် စိစစ်မှုဈေးနှုန်းနှင့် ကွာဟမှုရှိပါက သက်ဆိုင်ရာကုမ္ပဏီများသို့ ဆက်သွယ်၍ ငွေပေးငွေချေသည့် အထောက်အထားများ စိစစ်ခြင်း၊ ကုန်ပစ္စည်း သိုလှောင်ရုံသို့ သွားရောက်ပြီး မျက်မြင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်။

(ဃ) အမှန်တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းအား နမူနာရယူခြင်း၊ ဓာတ်ပုံမှတ်တမ်းရယူခြင်း တို့ကို ပြုလုပ်၍ LC/TT စနစ်အရ သက်ဆိုင်ရာ ဘဏ်များတွင် ငွေထုတ်/သွင်း ဆောင်ရွက်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် လိုင်စင်/ ID လျှောက်ထား စဉ်က တင်ပြခဲ့သည့် Invoice & Sale Contract ပါ အချက်အလက်များနှင့် ကိုက်ညီမှု၊ ဆီလျော်မှု ရှိ/မရှိကို စိစစ်ရန်။

(င) လိုင်စင်၊ ED/ID တို့တွင် Normal LC /TT ဖြင့် ဆောင်ရွက်ပါ က တစ်ဖက်နိုင်ငံ ကုမ္ပဏီသို့ ငွေပေးချေထားသည့် တန်ဖိုးစာရင်းအရ ဈေးနှုန်းပြန်လည်စိစစ်နိုင်ရန် သက် ဆိုင်ရာ ကုမ္ပဏီ၏ ဘဏ်စာရင်းစာအုပ်ကို စစ်ဆေးရန်။

**အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းအဆင့်**

၁၃။ စစ်ဆေးရေးအဖွဲ့သည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) ပြန်လည်စိစစ်မှုများအရ လျှောက်ထားဈေးနှုန်းများသည် မှန်ကန်မှုမရှိကြောင်း စိစစ် တွေ့ရှိပါက ကုမ္ပဏီများအပေါ် အကဲဖြတ်မှုများဆောင်ရွက်ရမည်၊ အကဲခတ်ရာတွင် အောက်ပါအချက်များဖြင့် စိစစ်ရမည်-

(၁) ကုမ္ပဏီအမျိုးအစား၊ ရည်ရွယ်ချက်အပေါ် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းရှိ/ မရှိ။

(၂) ဈေးနှုန်းမမှန်မကန် တင်ပြသည့်အကြိမ်အရေအတွက်။

(၃) စိစစ်ဈေးနှုန်းနှင့်ကွာခြားမှုပမာဏ၊ လျော့နည်းပေးသွင်းသည့်အခွန်ငွေပမာဏ။

(၄) ကုမ္ပဏီအနေဖြင့် ယင်းကုန်စည်တစ်မျိုးတည်း(သို့) ပို့ကုန်/သွင်းကုန် ဆောင်ရွက် သည့် ကုန်စည်အမျိုးအစားနှင့် အရေအတွက်။

(၅) MACCS System တွင် ဆောင်ရွက်သည့် ကုမ္ပဏီဖြစ်ပါက ၎င်းစနစ်တွင် ဖော်ပြဈေးနှုန်းနှင့် လိုင်စင်ဖော်ပြဈေးနှုန်း ကွာခြားသည့်ပမာဏနှင့် အကြိမ်ရေ။

(၆) နိုင်ငံတော်အပေါ် နစ်နာအခွန်ပေးဆောင်သည့် ပမာဏ။

(၇) ကုမ္ပဏီပါ အဖွဲ့ဝင်များသည် အခြားကုမ္ပဏီခွဲများ ထူထောင်ဆောင်ရွက်ခြင်း ရှိ/မရှိ။

(ခ) အထက်ပါအချက်များဖြင့် စိစစ်ပြီး မမှန်မကန်ဆောင်ရွက်ကြောင်း ဖော်ထုတ်တွေ့ရှိလျှင် အစီရင်ခံစာရေးသားတင်ပြခြင်း

**ကုမ္ပဏီ၊ လုပ်ငန်းရှင်များ၏ တာဝန်ဝတ္တရားများ**

၁၄။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များမှ စိစစ်ရန် ရွေးချယ်ထားသော ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း ပံ့ပိုးကူညီပေးရမည်-

(က) တင်ပို့/တင်သွင်းထားသည့် ED/ID အထောက်အထားစာရွက်စာတမ်းများ၊ ငွေပေးချေထားသည့် စာရွက်စာတမ်းများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေထားသည့် စာရွက်စာတမ်းအထောက်အထားများကို တင်ပြပေးရန်။

(ခ) စစ်ဆေးရေးအဖွဲ့၏ လိုလားချက်အရ ပစ္စည်းသိုလှောင်ရုံသို့ သွားရောက်စစ်ဆေးနိုင်ရေး ကူညီပေးရန်နှင့် နမူနာပစ္စည်းအတွက်လည်းကောင်း၊ ဓာတ်ပုံမှတ်တမ်းရယူရန်အတွက်လည်းကောင်း ပံ့ပိုးကူညီပေးရန်။

(ဂ) ဈေးနှုန်းစိစစ်ရန် လိုအပ်မှုအတွက် တစ်ဖက်နိုင်ငံ ကုမ္ပဏီ၏ လိပ်စာ၊ Email Account တို့ကို တင်ပြပေးရန်။

**အရေးယူဆောင်ရွက်မှု**

၁၅။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များမှ စိစစ်ပြီး မမှန်မကန်ဖော်ပြလျှောက်ထားမှုများကို ဖော်ထုတ်တွေ့ရှိရပါက ဒဏ်ငွေချမှတ်သည့်အပိုင်းသာမက ၎င်းတို့ယူသွားသည့် အရာထက် အဆအတော်များများ ဒဏ်ရိုက်ပြီး နိုင်ငံတော်သို့ ပြန်ထေမိအောင်နှင့် နောက်လူများလည်းမလုပ်ရဲအောင် အောက်ပါအတိုင်းအရေးယူမှု များပြုလုပ်ရမည်-

(က) ကုမ္ပဏီများအနေဖြင့် မမှန်မကန်ဖော်ပြလျှောက်ထားမှုများကို စိစစ်တွေ့ရှိရပါက လိမ်လည်တင်ပြခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ(၄၆၃)၊ (၄၆၄) (၄၆၈)တို့ဖြင့် အရေးယူခြင်း (သို့မဟုတ်) ပို့ကုန်၊ သွင်းကုန် ဥပဒေအရ အရေးယူခြင်း၊ အခွန်တိမ်းရှောင်မှု အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူခြင်း။

(ခ) မမှန်မကန်ဖော်ပြလျှောက်ထားသော ကုမ္ပဏီများအား ပထမအဆင့်အနေဖြင့် သတိပေးခြင်း၊ ဒုတိယအဆင့် ဝန်ခံလက်မှတ်ရေးထိုးခြင်း၊ တတိယအဆင့်အနေဖြင့် ဥပဒေအရ ကွာဟအခွန်ငွေများ ပြန်လည်ပေးသွင်းစေပြီး ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခြင်း။

(ဂ) မမှန်မကန်ဆောင်ရွက်ကြောင်း စစ်ဆေးပေါ်ပေါက်သည့် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင် ပါရှိသော ဒါရိုက်တာအဖွဲ့ဝင်များ၊ ၎င်းကုမ္ပဏီနှင့် ဆက်နွယ်ဖွဲ့စည်းထားသည့် အခြား ကုမ္ပဏီများကို စစ်ဆေးရေးအဖွဲ့မှ စိစစ်ရာတွင် မမှန်မကန်ဆောင်ရွက်ထားကြောင်း ဆက်လက်စိစစ်တွေ့ရှိရပါက အရေးယူမှုများ ပြုလုပ်ခြင်း။

(ဃ) သက်ဆိုင်ရာကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မမှန်မကန်ဆောင်ရွက်ခဲ့သည့် ဈေး နှုန်းအား မှန်ကန်သည့်ဈေးနှုန်းဖြင့် အမှန်ပြန်ဆောင်စေ၍ ကျသင့်အခွန်အပေါ် ဒဏ် ကြေးသတ်မှတ်၍ နောက်ကြောင်းပြန် (၇) နှစ်အထိ လုပ်ငန်းဆောင်ရွက်မှုများကို ထပ်မံ စိစစ်ဖော်ထုတ်အရေးယူမှု ဆောင်ရွက်ရမည်။

(င) ဆက်လက်စစ်ဆေး၍ ကုမ္ပဏီအား စိစစ်ရာတွင် မှန်ကန်စွာ ဆောင်ရွက်ထားရှိမှုရှိကြောင်း စိစစ်တွေ့ရှိရပါက လူပုဂ္ဂိုလ်/ကုမ္ပဏီအား ပို့ကုန် သွင်းကုန် ဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းအပြင် ကုမ္ပဏီ၏ မှန်ကန်စွာ ဆောင်ရွက်မှုရှိကြောင်းကို မီဒီယာမှ ကျယ်ကျယ်ပြန့်ပြန့် ကြေငြာပေးရမည်။

(စ) အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းဖြင့် စိစစ်ပြီး မမှန်မကန်ဖော်ပြဆောင်ရွက်သည့် ကုမ္ပဏီများကိုလည်း ဈေးနှုန်းမမှန်မကန်ဖော်ပြ ဆောင်ရွက်ခြင်းများ ပါရှိက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

(ဆ) တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းမမှန်မကန်ဖြစ်စေရန် ကုမ္ပဏီ၏ ဆောင်ရွက်မှုတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိကြောင်း၊ စိစစ်တွေ့ရှိရပါက သက်ဆိုင် ရာ ဝန်ထမ်းအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်။

**ကုမ္ပဏီများကို မှတ်တမ်းတင်ခြင်း**

၁၆။ ကုမ္ပဏီများအနေဖြင့် Honour ရှိရှိ လိုင်စင် တင်ပြလျှောက်ထားမှုများ ရှိသကဲ့သို့ နိုင်ငံတော်အပေါ် ပေးဆောင်ရမည့်အခွန်ကို တိမ်းရှောင်လို၍ ဈေးနှုန်းလျှော့နည်းဖော်ပြမှုများလည်း ရှိလာနိုင်သဖြင့် ဈေးနှုန်း မှန်ကန်ရေးစိစစ်မှုအဖွဲ့များ၊ လုပ်ငန်းကော်မတီနှင့် ဦးစီးကော်မတီတို့၏ ယုံကြည်ရမှုအပေါ် မူတည်၍ ကုမ္ပဏီ အဆင့်အတန်းခွဲခြား သတ်မှတ်၍ အုပ်စုအလိုက် ခွဲခြားမှတ်တမ်းတင်ထားရှိရမည်။

၁၇။ မှန်မှန်ကန်ကန် ဆောင်ရွက်သည့်ကုမ္ပဏီများအား Commerce Journal ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ Website တို့တွင် ထည့်သွင်းဖော်ပြပေးသွားမည်။

၁၈။ မှတ်တမ်းတင်ထားရှိသော ကုမ္ပဏီများမှ မမှန်မကန်ဆောင်ရွက်မှုများရှိပါက တိကျခိုင်လုံသော အထောက်အထားများဖြင့် တိုင်ကြားလာခြင်းကို လက်ခံစိစစ်ရမည်။ အုပ်စုအလိုက်ခွဲခြားခံရသည့် ကုမ္ပဏီများသည် ပိုမိုကောင်းသော အုပ်စုဝင်ဖြစ်လာရေး ကြိုးစားဆောင်ရွက်ရမည်။ မမှန်မကန်ဖော်ပြသည့် ကုမ္ပဏီများကို နောင် ယင်းကဲ့သို့သော လုပ်ရပ်များ မဆောင်ရွက်နိုင်ရေးနှင့် ကျန်ကုမ္ပဏီများအတွက် စံနမူနာဖြစ်သည်အထိ ထိရောက်စွာအရေးယူရမည်။

**အုပ်ချုပ်မှု ထောက်ပံ့မှု**

၁၉။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များ၏ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးမှုများကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရုံးအမိန့်စာ ထုတ်ပြန်ပေးရမည်။

(ခ) ကုမ္ပဏီသို့ စစ်ဆေးမှုအတွက် စစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်အား နေ့စဉ်နှုန်းထား သတ်မှတ်ပေးထား၍ နိုင်ငံတော်၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာကုမ္ပဏီ၏ ဒဏ်ကြေးမှ ကျခံပေးရန်။

(ဂ) ကုမ္ပဏီ၏ မမှန်မကန် ဆောင်ရွက်မှုအခြေအနေအား ပေါ်ပေါက်အောင် စစ်ဆေးဖော်ထုတ်ပေးနိုင်သည့် စစ်ဆေးရေးအဖွဲ့အား နိုင်ငံတော်သို့ပေးသွင်းသည့် ဒဏ်ကြေးမှ ထိုက်သင့်သည့် ဆုကြေးများကို ချီးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်။

**ကြီးကြပ်ကွပ်ကဲမှု**

၂၀။ ဈေးနှုန်းစိစစ်မှုဦးစီးကော်မတီ၏ ရုံးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးသောရုံးများ၊ လေဆိပ်၊ ရေဆိပ်များမှ တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများအလိုက် ကုမ္ပဏီများအပေါ် ဈေးနှုန်းစိစစ်မှုများကို ဈေးနှုန်းစိစစ်မှု ဦးစီးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပါမည်။

**ဆက်သွယ်ရေး**

၂၂။ ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီနှင့် ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးသည့်ရုံးချုပ်၊ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးခွဲများသည် နေ့စဉ်ဆက်သွယ်မှုကို သတ်မှတ်ထားသည့် ရုံးသုံးလက်ကိုင်ဖုန်း / Online တို့မှ အချိန်သတ်မှတ်ချက်ပေး၍ ဆက်သွယ်ပါမည်။

၂၃။ ထူးခြားမှုဖြစ်စဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ဖုန်း၊ ကြေးနန်းတို့ဖြင့် အကြောင်းကြားခြင်းများ၊ တင်ပြခြင်းများကို ဆောင်ရွက်ပါမည်။

**အထွေထွေအပိုင်း**

၂၄။ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့မှ စစ်ဆေးမည့် အစီအစဉ်၊ လုပ်နည်းစနစ် ၊ အရေးယူဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လုပ်ငန်းဆောင်ရွက်မှုမစမီ မီဒီယာမှ နည်းလမ်းမျိုးစုံဖြင့် (၃) လကြိုတင် ကြေညာအသိပေးဆောင်ရွက်ရမည်။

၂၅။ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးများ၊ လေဆိပ်၊ ရေဆိပ်များမှ ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များ၏ လစဉ်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်မှ အခွန်ပြန်ရမှု၊ ကုမ္ပဏီအား အရေးယူမှု၊ ဆက်စပ်ကုမ္ပဏီအား အရေးယူမှု ၊ လူ ၊ ပုဂ္ဂိုလ် အရေးယူမှုအခြေအနေများကို ဦးစီးကော်မတီသို့ လစဉ်ပြန်တမ်း ပေးပို့ရမည်။

၂၆။ ဈေးနှုန်းစိစစ်မှုဦးစီးကော်မတီ၏ သုံးလတစ်ကြိမ် ပုံမှန်အစည်းအဝေးကို ဆောင်ရွက်ပြီး အရေးပေါ်ကိစ္စများရှိပါက သီးခြားဖိတ်ကြားဆွေးနွေးမှုများ ဆောင်ရွက်ကာ အားသာချက် ၊ အားနည်းချက် ဖော်ထုတ်ခြင်း၊ လိုအပ်သည့် လုပ်နည်းစနစ်များ ထပ်မံဖြည့်စွက်ခြင်း၊ ရလဒ်များအပေါ် အထက်ဌာနသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၇။ လုပ်ထုံးလုပ်နည်းများကို စိစစ်တွေ့ရှိမှုများအပေါ် အခြေခံ၍ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်မည်။